သို့

နိုင်ငံတော်သမ္မတ

နေပြည်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရက်စွဲ ၊ ၂၀၁၄ ခုနှစ် ၊ ဩဂုတ်လ ( ၁၅ ) ရက်

အကြောင်းအရာ။ ။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊လွိုင်လင်ခရိုင် ၊ ကျေးသီးမြို့နယ် ၊ ဝမ်ဝပ်ကျေးရွာအုပ်စု ဖာဆောင်ရွာအတွင်းတပ်စွဲထားသော မြန်မာ့တပ်မတော်မှ ဖာဆောင်ရွာအတွင်းမှ ထွက်ခွာပေးနိုင်ပါရန် စစ်ပြေးရှောင်လူထုမှတောင်းဆိုခြင်း။

( ၁ ) ၂၀၁၄ ခုနှစ်၊ ဖွန်လ ၂၆ ၊ ၂၇ ၊ ၂၈ ရက်နေ့များတွင် မြန်မာ့တပ်မတော်နှင့် SSPP/SSA ရှမ်းပြည်တပ်မတော် တို့မှဖာဆောင်ကျေးရွာအတွင်းထိတွေ့မှုဖြစ်ပွားကြရာ ကျေးရွာနေရွာသူ/သား အသက်အိုးအိမ်စိုးရိမ်ရသဖြင့် ၂၀၁၄ ခုနှစ် ၊ ဇူလိုင်လ ( ၅ )ရက်နေ့မှစ၍ ရွာမှထွက်ပြေးတိမ်းရှောင်ကာ ဝမ်ဝပ်ဘုန်းတော်ကြီးကျောင်းသို့ ယနေ့ထိတိုင်စစ်ပြေးရှောင် ( ၂၉၁ ) ဦး ခိုလှုံနေရပါသည်။

( ၂ ) ၂၀၁၄ ခုနှစ် ၊ ဖွန်လ (၂၆) ရက်နေ့မှစ၍ ယနေ့အထိ မြန်မာ့တပ်မတော်တပ်ရင်းများမှ ဖာဆောင်ကျေးရွာ အတွင်းတွင် ကတုတ်ကျင်းများတူးခြင်း ၊ ရွာလမ်းမများပေါ်တွင် စည်းရိုးခတ်၍လမ်းပိတ်ကာ ရွာသူ/သား များ အား တင်းကြပ်စွာစစ်ဆေးမေးမြန်းခြင်းများပြုလုပ်လျက်ရှိပါသည်။

( ၃ ) ယခုလက်ရှိအချိန်အထိ ဖာဆောင်ကျေးရွာအတွင်းနှင့်ပတ်ဝန်းကျင်များတွင် တစ်ဖက်နှင့်တစ်ဖက်တင်းမာနေ သဖြင့် စိုက်ခင်းဧကစုစုပေါင်း **( ၄၂၂.၅ ဧက )** ဆုံးရှုံးခဲ့သည်။ ( လယ် ၄၃.၅ ဧက မှာပျိုးသက်ရင့်၍ စိုက်ပျိုး ချိန်လွန်ခြင်း ၊ ယာစပါး ၊ မြေပဲ ၊ ပြောင်း ၃၇၉ ဧက )ခြံစည်းရိုးများဖျက်ဆီးခံရသဖြင့် ကျွဲ ၊ နွား များဝင်ရောက် စားသောက်နင်းခြေခံရခြင်း ၊ ပျက်စီးသွားသောခြံစည်းရိုးများပြန်လည်ပြုပြင်ရန်ခွင့်မပြုခြင်း ၊ကြက်၊ ဝက်၊ ကျွဲ ၊ နွား များပစ်ခတ်စားသောက်ခြင်းနှင့် နင်းမိုင်း များထိ၍သေဆုံးခြင်း မြန်မာ့တပ်မတော်တပ်ရင်းများမှ ရွာသား များ၏ နေအိမ်ခြံဝင်းအတွင်းဝင်ရောက်နေရာယူထားသောကြောင့် မိမိရပ်ရွာပြန်နေရနအခက်အခဲများ ကြုံနေ ရပါသည်။

( ၄ ) ထို့ကြောင့် ဖာဆောင်ကျေးရွာရှိ နေအိမ်ခြံဝင်းများတွင် ဝင်ရောက်နေရာယူထားသော မြန်မာ့တပ်မတော်စစ် ကြောင်းများအား ဖာဆောင်ကျေးရွာအတွင်းမှ ပြန်လည်ဆုတ်ခွာပေးနိုင်ပါရန်နှင့် နေအိမ်ခြံဝင်း ၊လူသုံးပစ္စည်း များ ၊ လယ်ယာသီးနှံများ ၊ လယ်ယာသုံးတိရိစ္ဆာန်များ ပျက်စီးဆုံးရှုံးသွားပါသဖြင့် နိုင်ငံတော်မှ ပြန်လည်ထူ ထောင်ပေးနိုင်ပါရန်တင်ပြအပ်ပါသည်။

( ၅) ရှမ်းပြည်နယ် ( တောင်ပိုင်း ) ၊ လွိုင်လင်ခရိုင် ၊ ကျေးသီးမြို့နယ်၊ဝမ်ဝပ်ကျေးရွာအုပ်စုဖာဆောင်ရွာ၊ဝမ်ကတ်ရွာ နေပြည်သူလူထုမှဆန္ဒပြုလက်မှတ်များနှင့်အတူ ပူးတွဲတင်ပြတောင်းဆိုအပ်ပါသည်။

လေးစားစွာဖြင့်

ဦးဝိလိန်တ (ခ) ဆန်မိုင်
(၁၃/ကသန(နိုင်) ၀၀၁၁၉၇)
ကျေးရွာသူ/သားများကိုယ်စား
ဆက်သွယ်ရန် / 09 - 363 588 11

မိတ္တူကို

၁။ ဒေါက်တာ စိုင်းမောက်ခမ်း ဒု - သမ္မတ

ဥက္ကဋ္ဌ ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီ

၂။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ( ကာကွယ်ရေးဦးစီးချုပ် )

ပြည်ထောင်စုဝန်ကြီး ၊ ကာကွယ်ရေးဝန်ကြီးဌာန

၃။ ဦးအောင်မင်း ၊ ဒု - ဥက္ကဋ္ဌ ( ၁ )

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီ

၄။ ဦးသိန်းဇော် ၊ ဒု - ဥက္ကဋ္ဌ ( ၂ )

ပြည်ထောင်စုဝန်ကြီး ၊ လူမှုကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၅။ ဝန်ကြီးချုပ် ၊ ရှမ်းပြည်နယ်အစိုးရ

၆။ ဦးစိုင်းကျော်ဇောသန်း ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီ

၇။ ဦးစိုင်းအွမ်ဆိုင်မိုင်း ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၊ ကျေးသီးမြို့နယ်။

၈။ ဦးစိုင်းဆန်လှိုင်း ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အမှတ် ( ၁ ) ၊ ကျေးသီးမြို့နယ်။

၉။ တိုင်းမှူး

ရှမ်း/အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ခိုလမ်

၁၀။ တိုင်းမှူး

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၊ တောင်ကြီး

၁၁။ တိုင်းမှူး

အရှေ့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ၊ လားရှိုး

၁၂။ တိုင်းမှူး

တြိဂံတိုင်းစစ်ဌာနချုပ် ၊ ကျိုင်းတုံ

၁၃။ ရှမ်းပြည်တိုးတက်ရေးပါတီ ( SSPP/SSA )

၁၄။ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ ( RCSS/SSA )

၁၅။ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ( S.N.L.D )

၁၆။ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ ( S.N.D.P )

၁၇။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ( U.S.D.P )

၁၈။ စစ်ဘေးရှောင်ဒုက္ခသည်

သို့

ဒေါက်တာ စိုင်းမောက်ခမ်း ဒု - သမ္မတ

သို့

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ( ကာကွယ်ရေးဦးစီးချုပ် )
ပြည်ထောင်စုဝန်ကြီး
ကာကွယ်ရေးဝန်ကြီးဌာန

သို့

ဦးအောင်မင်း ၊ ဒု - ဥက္ကဋ္ဌ ( ၁ )
ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီ

သို့

ဦးသိန်းဇော် ၊ ဒု - ဥက္ကဋ္ဌ ( ၂ )
ပြည်ထောင်စုဝန်ကြီး ၊
လူမှုကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

သို့

ဝန်ကြီးချုပ် ၊ ရှမ်းပြည်နယ်အစိုးရ

သို့

ဦးစိုင်းကျော်ဇောသန်း
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်
ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီ

သို့

ဦးစိုင်းအွမ်ဆိုင်မိုင်း
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
ကျေးသီးမြို့နယ်။

သို့

ဦးစိုင်းဆန်လှိုင်း

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အမှတ် ( ၁ )

ကျေးသီးမြို့နယ်။

သို့

တိုင်းမှူး

ရှမ်း/အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်

ခိုလမ်

သို့

တိုင်းမှူး

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်

တောင်ကြီး

သို့

တိုင်းမှူး

အရှေ့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်

လားရှိုး

သို့

တိုင်းမှူး

တြိဂံတိုင်းစစ်ဌာနချုပ် ၊ ကျိုင်းတုံ

သို့

ရှမ်းပြည်တိုးတက်ရေးပါတီ

( SSPP/SSA )

သို့

ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ

( RCSS/SSA )

သို့

ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်

( S.N.L.D )

သို့

ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ

( S.N.D.P )

သို့

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

( U.S.D.P )

သို့

စစ်ဘေးရှောင်ဒုက္ခသည်